ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၃၂)

နေ့စွဲ – ၄.၁၁. ၂၀၁၂

<u>သမိုင်းကဏ္ဍ</u>

## ဂိုရှော့ခ် – ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအမှန်တရားအတွက် မာတုရ(အာဇာနည်)အဖြစ် အသေခံသူ

(Gotteschalk - Martyr for Predestination)

**နိဒါန်း**

၁၉၄၀ ဝန်းကျင်က ရေဒီယိုမှ အသံလွှင့်ခဲ့သော သင်းအုပ် ဟာရ်မန်ဟုခ်စီးမာ၏ တရားဟောခြင်းစီးရီးတွင်၊ ဟုခ်စီးမာက ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း ဩဝါဒအမှန်တရားသည် "ဧဝံဂေလိတရား၏နှလုံးသား"ဖြစ်သည်ဟု ပြောခဲ့ပါသည်။ ထိုတန်ဖိုးကြီးလှသော ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း အမှန်တရားကို အသင်းတော်တွင် အေဒီ (၅) ရာစုနှစ်၌၊ ဟစ်ပိုမြို့သင်းအုပ်ဩဂတ်စတင်က ပထမဆုံး သင်ကြားခဲ့ပါသည်။ ထိုကျမ်းစာ၏အမှန်တရားကို သူသည် ဆယ်မီးပလဲဂျီးယန်းဝါဒနှင့် အငြင်းပွားမှုကြောင့် သေချာစွာ တည်ဆောက်ပွဲဖြိုးစေခဲ့ခြင်းဖြစ်သည်။ ရိုမန်ကက်သလစ်ဂိုဏ်းသည် ဩဂတ်စတင်ကို သူတို့၏ သူတော်စင်များ အုပ်စုထဲတွင် ထည့်ထားသော်လည်း၊ ဩဂတ်စတင်၏ သွန်သင်ခြင်းများကို သစ္စာရှိစွာ လိုက်နာကြပါသည်ဆိုသော်လည်း၊ ဩဂတ်စတင်၏ ဩဝါဒဖြစ်သည့် နှစ်ထပ်ကွမ်းခွဲခန့်မှတ်သားခြင်းဝါဒ(double predestination)ကို ငြင်းပယ်ကြပါသည်။ ရိုမန်ကက်သလစ်ဂိုဏ်းသည် ဆယ်မီပလဲဂျီးယန်းဝါဒကိုသာ လက်ခံကြပါသည်။ ယနေ့ချိန်ထိ ရိုမန်ကက်သလစ်ဂိုဏ်းက ထိုဝါဒအမှားကိုသာ ဆက်လက်အတည်ပြုလက်ခံဆဲဖြစ်ပါသည်။

ရိုမန်ကက်သလစ်ဂိုဏ်းသည် ဩဂတ်စတင်၏ နှစ်ထပ်ကွမ်းခွဲခန့်မှတ်သားခြင်းကို ငြင်းပယ်သည်မဟုတ်ပါ၊ ထိုဝါဒကို ထက်ထက်သန်သန် ခုခံကာကွယ်သူတို့ကို ဩဂတ်စတင်မရှိတော့သည့်နောက်ပိုင်း နှစ်ပေါင်းသုံးရာခန့်အတွင်း ညှင်းဆဲသတ်ဖြတ်နေသည်မှာ အတော်ဆိုးရွားပါသည်။ ဤအဖြစ်အပျက်သည် သိပ်မထင်ပေါ်သော ကက်သလစ်ဘုန်းကြီး ဂိုရှော့ခ် ဆိုသူ၏ တကယ့်အဖြစ်မှန်ဖြစ်ပါသည်၊ သူသည် နောက်ပိုင်းတွင် ရီဖော့မ်အသင်းတော်များနှင့် ပရက်စ်ဘီတေးရီးယန်းအသင်းတော်များက ယုံကြည်ကြသည့် ကျမ်းစာနှင့်ညီသော အမှန်တရား နှစ်ထပ်ကွမ်းခွဲခန့်မှတ်သားခြင်းဝါဒအတွက် မိမိအသက်ကို ပေးဆပ်ခဲ့သူဖြစ်သည်။ ၎င်းအမှန်တရားသည် ယနေ့တိုင်အောင် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် သစ္စာရှိသူတိုင်းက ဝန်ခံကြဆဲအမှန်တရားဖြစ်ပါသည်။ ထိုတဦးတည်းသောသူသည် မှောင်မဲနေသော၊ ထိုင်းမှိုင်းနေသော အလယ်ခေတ်တွင် ထိုအမှန်တရားအတွက် အသေခံချင်သောသူဖြစ်ခဲ့ပါသည်၊ ထိုသို့ဖြင့် သူသည် ဘုရားသခင်၏အမှန်တရားဖြစ်သည့် ရွေးကောက်ခြင်းနှင့်ငြင်းပယ်ခြင်းတွင်လည်း ဘုရားသခင်သည် အစိုးရတော်မူပါသည် ဆိုသည့်ဩဝါဒကို ဝန်ခံကြသည့် ဘုရားသခင့်လူများကို စိတ်ဓါတ်တက်ကြွစေခဲ့ပါသည်။

**သူ့ဘဝအကြောင်း**

ဂိုရှော့ခ် ကို အေဒီ(၈၀၆)တွင် ဂျာမန်မှူးမတ်နွယ် ဗရူနို၏အိမ်တွင်မွေးဖွားခဲ့ပါသည်။ ဂိုရှော့ခ် ဆိုသောအမည်၏အဓိပ္ပါယ်မှာ ကိုက်ညီလှစွာ "ဘုရားသခင်၏အစေခံ"ဟူ၍ဖြစ်ပါသည်။ သူ့မိဘများက ထိုနာမည်မှည့်စဉ်တွင် သူနှင့်သူ့နာမည်သည် အလွန်လိုက်ဖက်လာလိမ့်မည်ကို နည်းနည်းမှ မသိခဲ့ကြပါ။ သူ ငယ်ငယ်ကလေးထဲကပင် မိဘများက သူ့ကို ဖူလ်ဒါဒေသရှိ ဟက်စီယန်ဘုန်းတော်ကြီးကျောင်းသို့ ဘုရားသခင်၏ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြပါသည်။

ဂိုရှော့ခ် အသက်(၂၃)နှစ်ရှိသောအခါ၊ ဘုန်းကြီးကျောင်းတွင်နေရသည်ကို မကြိုက်သဖြင့် ပုန်ကန်ကာ၊ လူဝတ်လဲပေးဖို့ ခွင့်တောင်းခဲ့ပါသည်။ သူ၏တောင်းဆိုချက်ကို မင့်ဇ်မြို့တွင် အေဒီ ၈၂၉ ၌ ကျင်းပသည့် အထွေထွေညီလာခံသို့ တင်ကြပါသည်။ ညီလာခံကြီးက ခွင့်ပြုခဲ့သည်။ သို့သော် ကျောင်းထိုင်ဘုန်းတော်ကြီး၊ ရာဘာနတ်စ် မားရပ်စ်က သဘောမတူသဖြင့် သူ့ကိစ္စကို အင်ပါယာပြည့်ရှင်ထံ အယူခံဝင်ဆက်လက် တင်ပြခဲ့သည်။ သူ၏တင်ပြချက် အောင်မြင်သဖြင့် ဂိုရှော့ခ်ကို ဘုန်းကြီးကျောင်းတွင် အတင်း ဆက်နေစေသည်၊ ထို့အပြင် ခရစ်တော်၏သစ္စာရှိလှသောအစေခံဖြစ်သူ၏ တသက်တာ ရန်သူလည်း ဖြစ်လာခဲ့ပါသည်။ သို့သော်၊ ဂိုရှော့ခ်ကို ပြင်သစ်နိုင်ငံ အိုဘီယပ်စ် ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ပစ်လိုက်သည်၊ ထိုဒေသသည် ရိုင်းပြည်နယ်၏ လက်အောက်ခံ စီရင်စု နယ်ဖြစ်ပါသည်။ ထိုနေရာတွင် သူသည် ဘုန်းတော်ကြီးအဖြစ် ခန့်အပ်ခြင်းကို ခံရပါသည်။

မိမိဘဝကို ဘုန်းကြီးတဦးဘဝနှင့်သာ အဆုံးမသတ်စေရဟု ဆုံးဖြတ်ကာ၊ ဂိုရှော့ခ်သည် သူ့ဘဝအချိန်အားလုံးကို ဩဂတ်စတင်၏စာပေများအား လေ့လာခြင်းတွင် ကုန်ဆုံးစေပါတော့သည်။ ထိုသို့လေ့လာစဉ်၊ ဂိုရှော့ခ်သည် ဟစ်ပိုမြို့၏သင်းအုပ်ဆရာ ဩဂတ်စတင်က အစိုးရတော်မူသော နှစ်ထပ်ကွမ်းဖြစ်သော ခွဲခန့်မှတ်သားခြင်းဩဝါဒကို သင်ခဲ့ကြောင်း အံ့ဩတကြီးတွေ့မြင်လာခဲ့ပါသည်။ ဘုရားသခင်သည် ရွေးကောက်သလို၊ ငြင်းပယ်တော်မူသောသူလည်းဖြစ်သည် ဆိုသည့်အမှန်တရားဖြစ်သည်။ ထို့အပြင် ၎င်းဝါဒသည် ရိုမန်ကက်သလစ်ဂိုဏ်း၏သွန်သင်ခြင်းများနှင့်လည်း လုံးဝမတူသော သွန်သင်မှုဖြစ်သည်ကို တွေ့မြင်လာပါသည်။ ကျမ်းစာကို ဆက်လက်လေ့လာရာ၊ ဂိုရှော့ခ်သည် ကျမ်းစာကလည်း ထိုသို့ပင်သင်ပေးကြောင်းတွေ့လာပြန်သည်၊ ထို့ကြောင့် ဩဂတ်စတင်သည် ကျမ်းစာအပေါ် သစ္စာရှိစွာဖြင့် ကြိုတင်ခွဲခန့်မှတ်သားခြင်းအမှန်တရားကို တင်ပြခဲ့ကြောင်း ပို၍သဘောပေါက်လာပါ

သည်။ သူသည် ထိုဩဝါဒကို ထက်သန်စွာခုခံကာကွယ်သူ၊ လူတိုင်းသိအောင် ကြေညာဟောကြားသူ ဖြစ်လာခဲ့ပါသည်။ သူ့ရှာဖွေတွေ့ရှိခြင်းကို အံ့ဩဝမ်းသာလွန်းသဖြင့် သူနှင့်အတူကျောင်းထိုင်ကြသည့် ဘုန်းတော်ကြီးများနှင့်လည်း ဆွေးနွေးမှုပြုပါသည်။ သူ၏ရပ်တည်ချက်ကို သဘောတူထောက်ခံကြသူ မနည်းမနောကိုလည်း ရရှိလာပါသည်။

ထိုအချိန်လောက်တွင် (အေဒီ ၈၃၇ – ၈၄၇) သူသည် မြေထဲပင်လယ်တဝိုက်သို့ ရှည်လျားစွာ ခရီးသွားလာခဲ့သည်။ အီတလီ၊ စီစဲရီးယား၊ ကွန်စတန်တင်နိုပယ်၊ အလက်ဇန်းဒရီးယား စသည်တို့သည့်လည်း ဝင်ရောက်ခဲ့သည်။ မည်သည့်နေရာသွားသွား၊ သူသည် မိမိယုံကြည်သော ကြိုတင်ခွဲခန့်မှတ်သားခြင်းအကြောင်းကို ဟောပြော သွန်သင်ပါတော့သည်။ သူသည် ရိုးသားလွန်းစွာ (ရှုးအစွာဟုပြောက ပိုမှန်ပါမည်)၊ အသင်းတော်သည် သူ၏ဟောပြောခြင်းကို ကြားပြီးသောအခါ၊ သူနှင့်သဘောတူလာမည်၊ ၎င်း၏ဆယ်မီးပလဲဂျီးယန်းဝါဒမှနေ၍ ပြောင်းလဲသွားမည်ဟု ယုံကြည်စိတ်ချနေခဲ့ပါသည်။ သူသည် ကက်သလစ်ဂိုဏ်း၏ စကော်လာ(ပညာရှင်များ)နှင့် စာအဆက်အသွယ်ပြုသည်၊ ကက်သလစ်သီဩလောဂျီယန်များနှင့် ငြင်းခုံသည်၊ လူထုကို တရားဟောသည်၊ သူ၏အမြင်ကို အခွင့်အရေးရတိုင်း သင်ကြားပေးခဲ့ပါသည်။ သူ၏အမြင်များသည် ကျမ်းစာနှင့် စစ်မှန်သောဝေံဂေလိတရားကို နားလည်ဖို့ မရှိမဖြစ်သောအမှန်တရားဖြစ်သည်ဟု သိမြင်သဖြင့်၊ ထိုအကြောင်းမှလွဲ၍ အခြားအကြောင်းကို မပြောတော့သလောက် ဖြစ်နေပါသည်။

သူ၏ ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း ဩဝါဒကို စိတ်ဝင်စားခြင်သည် ဩဝါဒသက်သက်အတွက် စိတ်ဝင်စားခြင်း မဟုတ်ပါ။ ဂိုရှော့ခ်သည် သူ့နှလုံးသားတခုလုံးဖြင့် အစိုးရတော်မူခြင်းနှင့် ကျေးဇူးတော်၏သီးသန့်ကျခြင်း အမှန်တရားတို့ကို ယုံကြည်ပါသည်။ သူသည် ဩဂတ်စတင်က မြင်ခဲ့သလို၊ အစိုးရတော်မူသော၊ နှစ်ထပ်ကွမ်းဖြစ်သော ကြိုတင်ခွဲခန့်မှတ်သားခြင်းတို့သည်၊ အစိုးရတော်မူသောကျေးဇူးတော် အမှန်တရားများ ရပ်တည်ကြရာ ကျမ်းစာအခြေခံအုတ်မြစ်များဖြစ်ကြသည်ဟု သဘောပေါက်နေပါသည်။

မာတုရ(အာဇာနည်)အဖြစ်သေဆုံးခြင်း

အေဒီ ၈၄၆ နှင့် ၈၄၇ ကြားတွင် ဂိုရှော့ခ်သည် အီတလီနိုင်ငံ ဗီရိုနီးကားမြို့၏ ဘုန်းတော်ကြီး နော့တင်း ထံတွင် နေထိုင်ခွင့်ရပါသည်။ ၎င်းသည် သူ၏ပြဿနာများ၏ အစပျိုးဖြစ်ပါသည်။ သူသည် ဘုန်းတော်ကြီးနော့တင်းနှင့် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်းကို ဆွေးနွေးပါသည်။ ဩဂတ်စတင်က အစိုးရတော်မူသော၊ နှစ်ထပ်ကွမ်းဖြစ်သော ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအမှန်တရားကို မည်သို့သင်ခဲ့ကြောင်း ညွှန်ပြကာ၊ ၎င်းသည် ကျမ်းစာနှင့်လည်း အင်မတန် သဘောတူညီကြောင်းကို ပြောပြပါသည်။ သို့သော် ဘုန်းတော်ကြီး နော့တင်း လန့်ဖြန့်သွားပါသည်။ သူသည် ဂိုရှော့ခ်၏ရန်သူ ရာဘာနတ်စ် မားရပ်စ်ထံ ရှည်လျားသော စာတစောင် ရေးသားလိုက်သည်။ ဂိုရှော့ခ် မည်သည်များကို သင်နေကြောင်း၊ ဟောပြောနေကြောင်း သေချာသတင်းပို့ လိုက်ပါသည်။ မားရပ်စ်သည် ယခုအခါ မင့်ဇ်ဒေသ၏ အကြီးဆုံးဘုန်းတော်ကြီး ဖြစ်နေလေပြီ။ ထို့ကြောင့် ထိုဘုန်းကြီးကလေးကို တကြိမ်တည်းနှင့်ထာဝရ တိတ်ဆိတ်သွားရန် လုပ်ပစ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ သူသည် မင့်ဇ်ပြည်နယ် အထွေထွေညီလာခံကြီးကို ဆင့်ခေါ်ပါသည်။ အေဒီ ၈၄၈ အောက်တိုဘာလ (၁)ရက်တွင် တွေ့ဆုံရန်ဖြစ်သည်၊ ထိုညီလာခံသို့ ဂျာမန်အင်ပါယာပြည့်ရှင်ကိုယ်တိုင် တက်ရောက်ပါသည်။ မားရပ်စ်ကိုယ်တိုင်က ဥက္ကဋ္ဌလုပ်ပါသည်။ ဂိုရှော့ခ်အား သူ့အမြင်ကို တင်ပြရန် စေခိုင်းပါသည်။ "ဤဩဝါဒသည် အသင်းတော်၏ဩဝါဒနှင့် အလွန်သဘောတူသည်ဟု ဝမ်းမြောက်စွာသဘောပေါက်လျှက် တင်ပြခဲ့ပါသည်။"

အံ့ဩစရာကောင်းသည်မှာ ဂိုရှော့ခ်သည် သူ၏အမြင်ကို ခုခံကာကွယ်ချိန်တွင် နှစ်ထပ်ကွမ်းကြိုတင်ခွဲခန့်မှတ်သားခြင်းအမှန်တရားကို သတ္တိရှိစွာ၊ ရဲရင့်စွာ ခုခံကာကွယ်ခဲ့သည်သာမကပါ၊ ခရစ်တော်သည် ကာလ်ဗရီတောင်ကုန်းပေါ်မှ လက်ဝါးကပ်တိုင်ပေါ်တွင် ရွေးကောက်ခြင်းခံရသူများ(elect)အတွက်သာ အသေခံသည်ဟု အခိုင်အမာ ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

မားရပ်စ်၏ ကြီးလေးသောလွှမ်းမိုးမှုအောက်တွင် ဂိုရှော့ခ်သည် ပြစ်ဒဏ်စီရင်ခံခဲ့ရပါသည်။ သူ၏အမြင်ကိုလည်း မှားယွင်းသောဒိဋ္ဌိအမြင်အဖြစ် သတ်မှတ်ခဲ့ပါသည်။ မားရပ်စ်က ဂိုရှော့ခ်ကို ရိုင်းပြည်နယ် ဘုန်းတော်ကြီး ဟင့်ခမာထံ အပ်နှံပါသည်။ ထိုနေရာသို့ ပို့စဉ်၊ ပါးလိုက်သောစာတွင် ဤသို့ဖတ်ရပါသည်၊ "ငါတို့သည် သင့်ထံသို့ အတည်တကျမနေသော ဘုန်းကြီးတပါးကို ပို့လိုက်သည်၊ ထိုသူ၏ မှားယွင်းသောအမြင်၊ မတော်တရော်သွန်သင်ချက်၊ မိစ္ဆာဒိဋ္ဌိဝါဒကို မဖြန့်ဖြူးနိုင်တော့ရန် ကာကွယ်သည့်အနေနှင့် သူယှခင်နေခဲ့သော ဘုန်းကြီးကျောင်း၌ တိုက်ပိတ်လော့။"

ဟင့်ခမာသည် ပညာတတ်ဖြစ်သော်လည်း၊ မောက်မာသော ရက်စက်ကြမ်းကြုတ်သူဖြစ်သည်။ သူသည် ဂိုရှော့ခ်အား ဘုန်းကြီးကျောင်းတွင် တိုက်ပိတ်ထားယုံသာမက၊ သူပြောခဲ့သည်များအားလုံးကို ပြန်လည်ရုတ်သိမ်းခိုင်းမည်ဟု နှိပ်ကွပ်ပါတော့သည်။ ထိုအစီအစဉ် အကောင်အထည်ဖေါ်နိုင်ရန်၊ သူသည် ချီစာရီဒေသတွင် အထွေထွေညီလာခံကျင်းပပါသည်။ အေဒီ ၈၄၉ တွင် ကျင်းပကြသည်။ ထိုအထွေထွေညီလာခံ၏ရလဒ်များ ဂိုရှော့ခ်နှင့်သူ့ယုံကြည်ခြင်းအတွက် ဆိုးရွားလှပါသည်။ ဂိုရှော့ခ်သည် ခိုင်မာစွာ၊ သတ္တိရှိစွာနှင့် သူ့ယုံကြည်ခြင်းကို နောင်တမရနိုင်ပါဟု အပြတ်ငြင်းဆိုပါသည်။ ဟင့်ခ်မာ၏ ကြမ်းကြုတ်သော ခြိမ်းခြောက်မှုများရှေ့တွင်ပင် ထိုသို့ပြောခြင်းဖြစ်သည်။ ညီလာခံက သူ့ကို ပြစ်ဒဏ်ချမှတ်ပါသည်။ ထို့နောက် မှားယွင်းလှသောဝါဒများဖြစ်သည့် ခရစ်တော်၏အပြစ်ဖြေပေးခြင်းသည် တကမ္ဘာလုံးအတွက်ဖြစ်သည်၊ ဘုရားသခင်က လူသားအားလုံးကို ကယ်တင်ချင်သည်၊ လူသားက ကောင်းစွာနေမည်မနေမည်ကို ဘုရားသခင်က အစမ်းခန့်ချိန်ပေးသည် စသည်တို့ကို လက်ခံကြောင်း အတည်ပြုကြပါသည်။ အထွေထွေညီလာခံက ဂိုရှော့ခ်ကို ဘုန်းတော်ကြီးအရာမှ ချထားလိုက်ကြသည်၊ သူရေးသောစာအုပ်များအားလုံးကို

မီးရှို့ပစ်ရမည်ဟု သတ်မှတ်သည်။ သူ့အား ဘုန်းကြီးကျောင်းတွင် တိုက်ပိတ်ရန်၊ လူထုရှေ့တွင် ကြိမ်ဒဏ်ပေးရန် ဆုံးဖြတ်ကြပါသည်။

ရက်စက်ကြမ်းကြုတ်သော ကျောင်းထိုင်ဘုန်းကြီး ဟင့်ခမာသည် ထိုမျှနှင့် သူ၏သူပုန် ဘုန်းကြီးကလေးအပေါ် မကျေနပ်နိုင်သေးပါ။ သူ၏ယုံကြည်ချက်များတခုကိုမှ လက်မခံနိုင်လွန်းရကား၊ ဂိုရှော့ခ် မဖြစ်မနေ နောင်တရကြောင်းဝန်ခံရန် လုပ်မည်ဟု ဆုံးဖြတ်ပါတော့သည်။ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် ဂိုရှော့ခ်ကို ကြာပွတ်နှင့် အချက်များစွာ ရက်ရက်စက်စက် ရိုက်သည်၊ ရက်စက်စွာရိုက်နေသည်မှာ သေလုမြောပါးဖြစ်သည်။ သို့သော် ထိုသို့ အနှိပ်စက်ခံရသော ဘုန်းကြီးကျောင်း ကြမ်းပြင်ပေါ်ဝယ် သွေးအလိမ်းလိမ်းနှင့် သေလုမတတ် လူးလိမ့်လျှက် ဝေဒနာခံစားနေရပါသော်လည်း၊ ဂိုရှော့ခ်သည် သူ့ပါးစပ်မှ နောင်တမရနိုင်ပါဟု ရေရွတ်နေဆဲဖြစ်ပါသည်။ ရက်စက်ကြမ်းကြုတ်လှသော ဘုန်းတော်ကြီး ဟင့်ခမာသည်ပင် ထိုသန့်ရှင်သူထံမှ ဘုရားသခင့်အမှန်တရား ဖြစ်သည်ဟု ယုံကြည်ထားချက်ကို စွန့်ပစ်လာအောင်လုပ်ဆောင်ဖို့ မတတ်နိုင်ပါခြေ။ ဂိုရှော့ခ်အား နှိပ်စက်ညှင်းဆဲခြင်းများ ရက်စက်ကြမ်းကြုတ်လွန်းသဖြင့် ထိုအချိန်က အခြား ဘုန်းတော်ကြီးများကပင် ဝိုင်း၍ ကန့်ကွက်ရသည်အထိ ဖြစ်လာပါသည်။

ရဲရင့်သတ္တိရှိလှသော ဂိုရှော့ခ်ကြောင့် ဘုန်းတော်ကြီး ဟင့်ခမာ လုံးဝ ရှုံးခဲ့ပါသည်၊ နောက်ဆုံးတွင် ဟင့်ခမာ အရှုံးပေးကာ ထောင်ချဖို့ ခွင့်ပြုလိုက်ပါသည်။ ထောင်ထဲတွင် ထိုအနှိပ်စက်ခံရသည့် ဒဏ်ရာများမှ ဂိုရှော့ခ် အနည်းငယ်တော့ ပြန်သက်သာခဲ့ပါသည်။ သက်သာသည်နှင့် သူ၏အမြင်များကို ရှင်းလင်းစွာရေးသားသော ဝန်ခံချက်နှစ်ဆောင်ကို ရေးသားခဲ့ပါသည်။ ထိုဝန်ခံချက်များသည် ယနေ့တွင် ကျွန်တော်တို့၏ဝန်ခံချက်များထဲ ရောက်လာခဲ့ပြီဖြစ်သည်၊ ထိုနေရာတွင် သူ ရှင်းနေအောင်ရေးထားသည်မှာ ဘုရားသခင်၏အမှန်တရားကသာ နောက်ဆုံးတွင် ရပ်တည်နေပါမည်ဟု ဖြစ်ပါသည်။ ထိုဝန်ခံချက်များတွင် သူသည် သူ၏ယုံကြည်ခြင်းဖြစ်သော နှစ်ထပ်ကွမ်းကြိုတင်ခွဲခန့်မှတ်သားခြင်းကို ထပ်မံအတည်ပြုပါသည်၊ သူ၏ကယ်တင်ရှင်(ခရစ်တော်)၏အသေခံခြင်းသည် သီးသန့်ဖြစ်ခြင်း(ရွေးကောက်သောသူတို့အတွက်သာ သေသည်)၊ ဘုရားသခင်၏ ထာဝရအသက်ရဖို့ရာ ကြိုတင်ခွဲခန့်မှတ်သားထားသူများကိုသာ သခင်ခရစ်တော်၌ ကယ်တင်လိုသည့် အစိုးရတော်မူသော ရည်ရွယ်ချက်နှင့်အလိုဆန္ဒတော်တို့ရှိသည် ဆိုသည်ကို ထပ်မံအတည်ပြုပါသည်၊ တချိန်တည်းတွင် ဆိုးညစ်သူများသည် အစိုးရတော်မူစွာ ငရဲထဲကျဖို့ ငြင်းပယ်ထားခြင်းဖြစ်သည်၊ သူတို့၏ ဘုရားသခင်ကိုဆန့်ကျင်လျှက် ပြုကြသောအပြစ်များနည်းလမ်းဖြင့် ထိုသို့ရောက်ကြသည်ကိုလည်း ထပ်မံအတည်ပြုထားပါသည်။

အနှစ်နှစ်ဆယ်ခန့် ထောင်ချခံရပြီးသောအခါ၊ အသက် ၆၂ နှစ် (သို့) ၆၃ နှစ်ခန့်တွင် ဂိုရှော့ခ် ကွယ်လွန်ပါသည်၊ အေဒီ ၈၆၈ တွင်ဖြစ်သည်။ ဟင့်ခမာ က သူ့ကို ခရစ်ယာန်သင်္ချိုင်းတွင် မမြှုပ်ရန် အမိန့်ထုတ်သည်။ သူသည် အသင်းတော်ပြင်ပတွင် သေဆုံးသူဖြစ်သည်ဟု နောက်ဆုံး သိက္ခာချခြင်းကို သူ့အပေါ် တင်ပြန်ပါသည်။ သူသည် အဆုံးထိ သစ္စာရှိစွာ သေဆုံးသူဖြစ် သည်။ အမှန်တရားအတွက် မြင့်မြတ်စွာ မာတုရ(အာဇာနည်)အဖြစ် သေဆုံးခဲ့သူဖြစ်သည်။ သူသည် သူသေပြီးနောက် နှစ်ပေါင်း (၇၀၀)ကြာ မာတင်လူသာနှင့်ကဲလ်ဗင်းတို့ထက်ထက်ရောက်မှ အသင်းတော် ပြန်ကြားရမည့် အမှန်တရားအတွက် အချိန် စောလွန်းစွာ အသေခံခဲ့သူ ဖြစ်ပါသည်။

နိဂုံးစကား

ဂိုရှော့ခ်၏ မာတုရ(အာဇာနည်)အဖြစ် သေဆုံးခြင်းအဖြစ်အပျက်က ရိုမန်ကက်သလစ်ဂိုဏ်းကို ဆိုးဝါးသောဂိုဏ်းတဂိုဏ်း အဖြစ်သို့ လှည့်သွားစေပါသည်။ ထိုအချိန်မှစ၍ ရိုမန်ကက်သလစ်အသင်းတော်သည် ကျမ်းစာ၏အမှန်တရားများကို တရားဝင်ပြစ်ဒဏ်ချမှတ်သောဂိုဏ်း ဖြစ်လာပါသည်။ ၎င်း၏ အမြင့်ဆုံးသောအဆင့်များတွင် မှားယွင်းစွာသွန်သင်သူများအား ခွင့်လွှတ်လစ်လျူရှုလာပါသည်၊ ရလဒ်မှာ ထိုအဖြစ်အပျက် ဖြစ်ပြီးနောက်ပိုင်း၊ ကက်သလစ်ဂိုဏ်းသည် မှားယွင်းသောဩဝါဒများကို တရားဝင်လက်ခံအတည်ပြုလာခဲ့ပါတော့သည်။ အမှန်တရားကို ဆန့်ကျင်သူများအား မိမိ၏ကာကွယ်ခြင်းလက်တန်ကြီးဖြင့် နေရာတိုင်း၌ ကာကွယ်ပါတော့သည်၊ တချိန်ထဲတွင် အမှန်တရားကိုချစ်မြတ်နိုးသူ ဘုရားသခင်၏အစေခံစစ်များအား အသေချေမှုန်းနေပါတော့သည်၊ အမှန်တရားကို ခုခံကာကွယ်သူ၊ အမှန်တရားအတွက် ယုံကြည်ခြင်းဖြင့် ရဲရင့်စွာ၊ သတ္တိရှိစွာ တိုက်ပွဲဝင်သူများကို သမိုင်းတလျှောက် ချေမှုန်းနေပါတော့သည်။ ရိုမန်ကက်အသင်းတော်သည် နောက်ပိုင်းရာစုနှစ်များတွင် အစဉ်အဆက် လူကောင်းများ၊ အမှန်တရား ချစ်မြတ်နိုးသူများကို သတ်ဖြတ်လာခဲ့ရာ၊ နောက်ဆုံးတွင် ဥရောပတတိုက်လုံးသည် မာတုရ(အာဇာနည်)တို့၏သွေးများဖြင့် ချင်းချင်းနီလျှက်သာ ရှိနေခဲ့ပါသည်။ ရက်စက်ကြမ်းကြုတ်သော၊ စက်ဆုပ်ဖွယ်ကောင်းသော အင်ခွီစီးရှင်းအဖွဲ့ဖြင့် ချေမှုန်းသဖြင့် ခရစ်တော်၏အသင်းတော်ခမျာ မသေယုံတမယ်သာ ဖြစ်ခဲ့ပါသည် (inquisition = အင်ခွီစီးရှင်း ဆိုသည်မှာ ကက်သလစ်ဂိုဏ်းနှင့် အယူဝါဒ မတူသောသူများကို ဖိနှိပ်ရန် ဖွဲ့စည်းထားသော၊ ဘာသာရေးပုလိပ်အဖွဲ့ဖြစ်သည်)။ ဆယ့်ခြောက်ရာစုရောက်ချိန် ဘုရားသခင်က အသင်းတော်ပြန်လည်ပြုပြင်ခြင်းကို ဖြစ်ပေါ်စေသောအခါ၊ သမိုင်း၏စာမျက်နှာကို သန့်ရှင်းသူတို့၏သွေးများဖြင့် ရေးသားရခြင်းဖြစ်ပါသည် (ကက်သလစ်များက သတ်လွန်းသဖြင့်ဖြစ်သည်)။ ထိုအသွေးများက ယနေ့တိုင်အောင် ဘုရားသခင်၏လက်စားချေပေးခြင်းအတွက် အော်ဟစ်တောင်းဆိုလျှက် ရှိနေပါသေးသည်။

ဘဲလ်ဂျစ်ခံယူယုံကြည်ချက်က မှားယွင်းသောအသင်းတော်ဆိုသည်မှာ “ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း သန့်ရှင်းစွာ နေထိုင်သူများကို၊ မိမိ၏အမှားကို ပြစ်တင်ဆုံးမသောသူများကို နှိပ်စက်သောအဖွဲ့အစည်း၊ လောဘကြီးကာ ရုပ်တုကိုးကွယ်သောအဖွဲ့အစည်းဖြစ်သည်”ဟု ပြောထားပါသည်(စာပိုဒ် ၂၉)။ ရိုမန်ကက်သလစ်ဂိုဏ်းသည် ယနေ့ထိ ဘာမှ မပြောင်းလဲဘဲ ဆက်ရှိနေပါသည်။ ကျွန်တော်တို့ခေတ်တွင်တော့ ထိုကက်သလစ်ဂိုဏ်သည် သူလုပ်ချင်တိုင်း လုပ်၍မရနိုင်တော့ပါ။ ထို့ကြောင့် ၎င်း

သည် မိမိ၏ရက်စက်ကြမ်းကြုတ်သာပုံသဏ္ဍာန်ကို ဖွက်ထားကာ၊ သနားကျင်နာခြင်းမျက်နှာဖုံးကို တပ်ထားလျှက်ရှိပါသည်။ သို့သော် ယခင်ကကဲ့သို့ လုပ်ချင်တိုင်းလုပ်နိုင်သောအခွင့်အရေးကို ပြန်ပေးလိုက်ကြည့်ပါ၊ ဖွက်ထားသော လက်သည်းကြီးများကို ပြန်ထုတ်ကာ၊ ယခင်ကအတိုင်း အမှန်တရားအတွက် ရပ်တည်သူများကို ပြန်လည်နှိပ်ကွပ် သတ်ဖြတ်ဦးမည်သာဖြစ်ပါသည်။ လူမှန်များသည် ၄င်း၏ ဘုရားသခင်အား လုံးဝမှန်းတီးနေသည့်အမျက်ဒေါသကို တခါ ပြန်ခံကြရဦးမည်သာ ဖြစ်ပါသည်။

ဂိုရှော့ခ်သည် ကန္တာရလွင်တီးခေါင်းမှ အထီးကျန်လှသော အသံတသံမျှသာ ဖြစ်ခဲ့ပါသည်။ သူ့သတ္တိကား ကြီးမားလှသလို၊ သူ၏သေခြင်းသည်လည်း မာတုရ(အာဇာနည်)ဖြစ်ပါသည်။ စာရေးဆရာ ဟန်းစ် ဗွန်ရှူးဘတ်သည် ဂိုရှော့ခ်အကြောင်းရေးသည့်အခါ အလွန်မှန်ကန်စွာ ပြောခဲ့ပါသည်၊ "ဤဂျာမန် ကဲလ်ဗင်းကို ကျွန်တော်တို့ယုံကြည်ခြင်းသမိုင်း၏ ပထမဆုံး သူရဲကောင်းဟု မှတ် ယူခြင်းသည် ကျွန်တော်တို့ရသင့်သော အခွင့်အရေးဖြစ်သလို၊ ကျွန်တော်တို့၏ တာဝန်ဝတ္တရားလည်းဖြစ်ပါသည်။"

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

<u>**သီသြလော်ဂျီကဏ္ဍ**</u>

### ဘုရားသခင်၏ အိုင်းစတီး (သို့) လွတ်လပ်တော်မူခြင်းအကြောင်း

(God's Aseity)

ဘုရားသခင်၏ လွတ်လပ်တော်မူခြင်းဟုလည်း ခေါ်သော ဘုရားသခင်၏အိုင်းစတီးဆိုသည်မှာ၊– "ဘုရားသခင်၏သဘောသဘာဝ(virtue)ဖြစ်သည်၊ ၄င်းအားဖြင့် ဘုရားသခင်သည် သူ့ကိုယ်သူထဲတွင်၊ သူ့ကိုယ်သူအားဖြင့်၊ ဖြစ်တည်လျှက်ရှိပါသည်၊ ဘုရားသခင်သည် သူ၏ဖြစ်တည်မှု(being)အတွက် ထာဝရအခြေခံနှင့်အုတ်မြစ်ကို သူ့ဘာသာသူထဲ၌ ရှိသူဖြစ်သည်၊ ဘုရားသခင် သည် သူ့အပြင်ဖက်တွင်ရှိနေသောအရာ တစုံတခုကြောင့် ဖြစ်လာသူမဟုတ်သလို၊ သူ့အပြင်ဖက်၌ရှိနေသော တစုံတရာကိုလည်း မှီခိုခြင်းမျိုး မရှိပါ၊(မြန်မာဆန်ဆန်ပြောရလျှင် ပါရမီဖြည့်ဖက် မလိုအပ်ပါ၊ ဘာသာပြန်သူ)၊ ထို့ကြောင့် ဘုရားသခင်သည် အကြွင်းမဲ့သောသူဖြစ်ပါသည်၊ ပြင်ပအကြောင်းအရာများ ရောနှောခြင်းမရှိဘဲ ဖြစ်တည်နေသူ(pure being)၊ တချိန်ထဲတွင် ပြည့်စုံစွာနှင့် မိမိကိုယ်ကိုယ်ထဲတွင်–လုံလောက်နေသူ(self-sufficient)၊ မိမိ၏ပြင်ပတွင် ရှိနေသည့်ဖြစ်တည်မှု ဘာတခုကိုမှမလိုအပ်သူ ဖြစ်ပါသည်။" ဤသဘောသဘာဝအားဖြင့် သူသည် ဖန်ဆင်းခံအားလုံးတို့နှင့် ခြားနားနေပါသည်။ သူသည် ဖန်ဆင်းသူဖြစ်သည်၊ ထို့ကြောင့် အစိုးရတော်မူသည်၊ သခင်ဖြစ်သည်၊ အားလုံး၏ သခင်ဖြစ်သည်၊ သူ့ထံမှ၊ သူ့အားဖြင့်၊ သူ့အတွက် အရာခပ်သိမ်း ဖြစ်နေကြပါသည်။ သူသည် ရှိတော်မူသည်(He is)၊ ဖန်ဆင်းခံတို့မှာ ဖြစ်တည်နေခြင်းမျှသာ(exist) ဖြစ်ကြပါသည်။ ထို ဘုရားသခင်၏ အိုင်းစတီး (သို့) လွတ်လပ်တော်မူခြင်းသည် သူ၏ ကြည်ညိုစရာကောင်းသော အနှစ်သာရ တခုလုံး၊ သဘာသဘာဝ တခုလုံး၊ ကောင်းမြတ်ခြင်းအားလုံးနှင့် အသက်ရှင်ပုံရှင်နည်း အားလုံးတို့အတွက် ဖြစ်ပါသည်။ သူ၏ ကောင်းမြတ်ခြင်းအားလုံးတွင် သူသည် မိမိဘာသာအတွက် ဖြစ်ပါသည်၊ အကြွင်းမဲ့သူ ဖြစ်တော်မူပါသည်။ သူ၏အနှစ်သာရတွင် သူသည် "ငါဖြစ်သည့်အတိုင်း ငါဖြစ်သည်"ဟု ပြောသူဖြစ်ပါသည် (ထွက် ၃း၁၄)။ သူသည် မိမိဘာသာမိမိ အတွင်းတွင် အသက်ရှင်ခြင်း ရှိသူဖြစ်တော်မူသည် (ယော ၅း၂၆)။ သူသည် သူ၏အကြံအစည်တော်(counsel)၊ စိတ်(mind)နှင့် အလိုဆန္ဒ(will)တို့တွင် လွတ်လပ်တော်မူပါသည်(ဆာလံ ၃၃း၁၁၊ ဟေရှာ ၄၀း၁၃၊ ၄၆း၁၀၊ ရောမ ၁၁း၃၄–၃၆)။ သူသည် ကောင်းကင်နှင့်မြေကြီး၏ အရှင်သခင် ဖြစ်ပါသည်၊ သူ့ထံတွင် တခုခုလိုနေသကဲ့သို့၊ သူ့ကို လူတို့၏လက်တို့က လုပ်ဆောင်ပြုစုခြင်းမျိုး မရှိပါ၊ မလိုအပ်ပါ (တမန် ၁၇း၂၅)။ သူသည် သူဖြစ်လာဖို့ ဖြစ်စေသောအကြောင်းတရား မရှိသူ၊ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းသော ဖန်ဆင်းရှင်ဖြစ်ပါသည်၊ အကြွင်းမဲ့သခင် ဖြစ်တော်မူသည်၊ မိမိကိုယ်ကိုယ်အထဲတွင် အရာခပ်သိမ်းကို အုပ်စိုးရမည့်အခွင့်အာဏာနှင့် အုပ်စိုးနိုင်သောတန်ခိုး ရှိသူဖြစ်သည်၊ ထိုသို့အုပ်စိုးသောအခါ သူသည် မိမိကိုယ်ပိုင်အလိုဆန္ဒ၏ ရည်ရွယ်ချက်နှင့် အကြံအစည်တော်အတိုင်း အုပ်စိုးတော်မူပါသည် (ဧဖက် ၁း၅၊၁၁)။

### ဘုရားသခင်၏အစိုးရတော်မူခြင်းအကြောင်း

(God's Sovereignty)

ဂျေဟောဗားဆိုသောအမည်က ဖေါ်ထုတ်ပေးသော အခြေခံ သဘောထားအမြင်(concept)သည် ဘုရားသခင်၏လွတ်လပ်တော်မူခြင်း/အိုင်းစတီးဖြစ်သည်၊ ၄င်းနောက်သို့ အကြွင်းမဲ့အစိုးရတော်မူခြင်း အိုင်ဒီယာက လိုက်ပါသည်၊ ၄င်းကို "သခင်"(Adonai = Lord)ဆိုသော အမည်က ရည်ညွှန်းဖေါ်ပြ(denote)နေပါသည်။ မိမိကိုယ်ကို၌–ဖြစ်တည်နေသူ၊ အကြွင်းမဲ့ လွတ်လပ်သူသာလျှင်၊ အကြွင်းမဲ့သခင် ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အကြွင်းမဲ့အစိုးရတော်မူခြင်းဆိုသည်မှာ အဆင့်မြင့်သော (သို့) မြင့်မားသော အရှင်သခင်ဖြစ်မှုကလေးကိုသာ ပြောနေခြင်းမဟုတ်၍ဖြစ်သည်၊– "အကြွင်းမဲ့အစိုးရတော်မူခြင်းဆိုသည်မှာ ဘုရားသခင်၏သဘောသဘာဝဖြစ်သည်၊ ၄င်းအားဖြင့် ဘုရားသခင်သည် မိမိကိုယ်ကိုအတွင်း၌ အစိုးရတော်မူသည်။ သူသည် တဦးတည်းသော အစိုးရတော်မူသူ ဖြစ်သည်၊ အခြားမည်သည့်နေရာတွင်မှ အစိုးရခြင်းမရှိပါ၊ သူ၏အရှင်သခင်ဖြစ်ခြင်းမှ ဆင်းသက်သည့်(derive)

အစိုးရခြင်းမျိုးသာ ရှိပါသည်။” သူ၏အစိုးရတော်မူခြင်းသည် စကြာဝဠာတခုလုံးအတွက် ဥပဒေသ(ပညတ် Law)များကို ချမှတ်နိုင်သည့် တခုတည်းသော(sole)အခွင့်အာဏာဖြစ်ပါသည်။ ဖန်ဆင်းခံသတ္တဝါများကို တရားစီရင်နိုင်သည့်၊ မိမိ၏အလိုဆန္ဒကို ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်သည့် တခုတည်းသောအခွင့်အာဏာဖြစ်သည်။ ဘုရားသခင်၏ အထက်တွင်/ဘေးတွင် သူလိုက်နာရမည့် စံနှုန်း(criterion) မရှိပါ။ သူ မှားသလား၊ မှန်သလား တိုင်းတာနိုင်ဖို့၊ ဖန်ဆင်းခံများကို ဒီလိုတရားစီရင်ရမည်ဟု လိုက်နာဖို့ သူ့အထက်တွင်၊ သူ့ဘေးတွင် ထားရှိသည့် စံနှုန်းဆိုသည်မျိုး မရှိပါ။ သူကိုယ်တိုင်က လိုက်နာရမည့် စံနှုန်းဆိုသည်မျိုးလည်း မရှိပါ။ သူနာခံရမည့် ဥပဒေ/ပညတ် မရှိပါ။ သူ နာခံရမည့် တရားခုံရုံးဆိုသည်မျိုး မရှိပါ။ သူတပါးတည်းသာလျှင် ဥပဒေ/ပညတ်အားလုံး၏၊ ဖြောင့်မတ်ခြင်းအားလုံး၏၊ မှန်ကန်ခြင်းအားလုံး၏ တခုတည်းသောစံနှုန်း(sole standard) ဖြစ်ပါသည်။ သူသည် တပါးတည်းသောမြင့်မားသူ(sole high one) ဖြစ်တော်မူပါသည်။

၄င်းသည် “သခင်”(Adonai = အဒိုနိုင်း = Lord)ဆိုသောမည်၏ အဓိပ္ပါယ်ဖြစ်ပါသည်။ ထို့အတူ “အမြင့်ဆုံးဖြစ်သူ”(Elyon = အယ်ယွန် = Most High)ဆိုသော အမည်၏ အဓိပ္ပါယ်လည်း ဖြစ်ပါသည်။ ကျမ်းစာက “အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွတ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။ စိတ်နှိမ့်ချသောသူ၏သဘော၊ ဇသလုံးကြေကွဲသောသူတို့၏ စိတ်ဝိညာဉ် အသက်ရှင်စေခြင်းငှါ၊ ကြေကွဲဇသိမ့်ချသော စိတ်သဘော ရှိသောသူတို့၌လည်း ငါနေ၏”ဟုပြောပါသည် (ဟေရှာ ၅၇း၁၅)။ ဖန်ဆင်းခြင်းတခုလုံးသည် သူ့ထက်နိမ့်ပါသည်၊ ထို့ကြောင့် ကျမ်းစာက ဘုရားသခင်၏နာမည်ကို အထွဋ်အမြတ်/အမြင့်ဆုံးဟု ခေါ်ရခြင်းဖြစ်သည်။

ထိုအချက်နှင့်ဆက်စပ်လျက် ဘုရားသခင်ကို ကောင်းကင်ဗိုလ်ခြေတို့၏အရှင်ဟု နာမည်ပေးရခြင်းလည်း ဖြစ်ပါသည်၊ မူရင်း ဟီဗရူးဘာသာဖြင့် ‘ဆာဗာအို့’(Sabaoth)ဟုခေါ်သည်၊ အဓိပ္ပါယ်မှာ တပြုံတမကြီး(hosts)ဖြစ်သည်။ ထိုစကားလုံး တပြုံတမကြီး (သို့) တထောင်ကြီး/အများကြီး ဆိုသည့်စကားလုံးကို ကျမ်းစာတွင် ဘုရားသခင်၏အမည်နှင့်အတူ အသုံးပြုလေ့ရှိပါသည် (ဆာလံ ၈၀း၁၄)။ ဂျေဟောဗာဘုရားသခင် ဆိုသောအမည်နှင့်အတူလည်း သုံးပါသည် (ဆာလံ ၅၉း၅၊ ၈၀း၄၊ ယေရမိ ၅း၁၄၊ ၁၅း၁၆)။ တခါတရံ ဂျေဟောဗာ ဆိုသောအမည်နှင့်တွဲ၍ သုံးလေ့ရှိသည်။ အထူးသဖြင့် ပရောဖက်တို့ရေးသောကျမ်းစာများတွင်ဖြစ်ကြပါသည်၊– ဟေရှာယ၊ ယေရမိ၊ ဇာခရိ၊ မာလခိ တို့၌ဖြစ်ပါသည်။ ၄င်းတို့ထဲတွင် တပြုံတမကြီး = ဆာဗာအို့ ဆိုသောစကားလုံးကို မကြာခဏ တွေ့ရပါသည်(ဆရာယုဒသန်က မြန်မာကျမ်းစာတွင် ကောင်းကင်ဗိုလ်ခြေတို့ဟု ဘာသာပြန်ပါသည်၊ စာရေးသူ)။ ၄င်းစကားလုံးက ဘုရားသခင်သည် စစ်ဘုရား(a God of war)ဖြစ်သည်ဟု လုံးဝမပြောပါ။ ထို့အပြင် ထိုတပြုံတမကြီး/တထောင်ကြီး/အများကြီး(host) ဆိုသည့်စကားလုံးက အစ္စရေးလူအုပ်စုကိုသာ ရည်ရွယ်ခြင်းမဟုတ်သလို၊ ကောင်းကင်တမန်အုပ်စုကိုသာ ရည်ညွှန်းခြင်းလည်း မဖြစ်နိုင်ပါ။ ထို့ထက် ကျယ်ပြန့်ပါသည်။ ၄င်းစကားလုံးကို တခါတရံ ကောင်းကင်တမန်များကို ရည်ညွှန်း၍ သုံးတတ်ပါသည် (၃ရာ ၂၂း၁၉၊ ၆ရာ ၁၈း၁၈)၊ နောက်တခါ ၄င်းစကားလုံးကို ကောင်းကင်တမန်များ (သို့) ကောင်းကင်မှနက္ခတ်တာရာများကို ရည်ညွှန်းသည်ကိုလည်း တွေ့နိုင်ပါသည် (ဟေရှာ ၃၄း၄၊ ၄၀း၂၆)။ ကမ္ဘာဦးကျမ်း ၂း၁ တွင် ၄င်းစကားလုံးကို ဖန်ဆင်းခြင်းတခုလုံးသို့ရည်ညွှန်းကာ အသုံးပြုပါသည်၊ ကောင်းကင်ထဲတွင် ရှိသမျှ၊ မြေကြီးပေါ်တွင် ရှိသမျှအားလုံးကို ရည်ညွှန်းနေပါသည်။ ထို့ကြောင့် ထိုစကားလုံးကို ဂျေဟောဗာဘုရားသခင်နှင့် တွဲဖက်၍သုံးလျှင်၊ အကျယ်ပြန့်နိုင်ဆုံးသောအဓိပ္ပါယ်နှင့် သုံးရမည်ဟု ကျွန်တော်တို့ သဘောပေါက်ရမည်ဖြစ်ပါသည်။ သူသည် စကြာဝဠာတွင် ရှိသမျှ တပြုံတမကြီးကို၊ ဖန်ဆင်းခံအားလုံး၊ ဖန်ဆင်းခြင်းထဲရှိ တပြုံတမကြီးအားလုံးကို မိမိ၏တိုက်ပွဲဝင်တပ်ဖွဲ့ကြီးသဖွယ် သုံးတော်မူသူဖြစ်ပါသည်။ သူသည် မိမိ၏အစိုးရတော်မူသော အလိုဆန္ဒနှင့်ထာဝရရည်ရွယ်ထားချက်တို့ အကောင်ပေါ်အထမြောက်ရလေအောင် အားလုံးသောဖန်ဆင်းခံများကို တိုက်ပွဲဝင်ပေးသော အဖွဲ့သားများအဖြစ်၊ ကြိုက်သလို အသုံးပြုတော်မူပါသည်။ ထိုနာမည်များအားလုံးဖြင့် ဂျေဟောဗာဘုရားသခင်သည် မိမိကိုယ်ကို တဦးတည်းသောမြင့်မားသူအဖြစ် ဖွင့်ပြ/ပေါ်ပြ(revel)တော်မူပါသည်။ မိမိကိုယ်ကို၌ အစိုးရတော်မူခြင်းရှိသူ၊ အရာအားလုံး၏ အရှင်သခင်ဖြစ်သူအနေနှင့် ဖွင့်ပြ/ပေါ်ပြတော်မူပါသည်။ သူသည် မိမိ၏ဖြစ်တည်မှုအတွက်ကို မိမိဘာသာအတွင်း၌ရှိသောသူ(self-existent) ဖြစ်သလို၊ သူသည် မိမိဘာသာအတွင်း၌ အစိုးရတော်မူသူလည်းဖြစ်ပါသည်။ တဦးတည်းသာရှိသော၊ အကြွင်းမဲ့အရှင်သခင်ဖြစ်ပါသည်။

ဤ ဂျေဟောဗာ၏ အကြွင်းမဲ့အစိုးရတော်မူခြင်းကို ကျမ်းစာက အစဉ်တစိုက် အထူးပြုပါသည်။ သူသည် မိမိကိုယ်ကို တကမ္ဘာလုံး၏ အရှင်သခင်ဖြစ်ကြောင်း ဖွင့်ပြ/ပေါ်ပြသည့်အနေနှင့်၊ သူ၏တန်ခိုးကို အားလုံးက သိနိုင်ကြဖို့အနေနှင့် သူ၏လူစုဖြစ်သော အစ္စရေးတို့ကို ကျွန်ခံနေရသောနေရာမှ ခွန်အားကြီးသောလက်တော်ဖြင့် ကယ်တင်ပြပါသည် (ထွက် ၈း၂၂၊ ၉း၁၄–၁၆၊ ၁၄း၁၈)။ သူသည် ကောင်းကင်အထပ်ထပ်တွင် လွတ်လပ်သော အစိုးရသူအနေနှင့် ထိုင်တော်မူကာ၊ ကမ္ဘာ့ခေါင်းဆောင်များနှင့်ရှင်ဘုရင်များ ပူးပေါင်းလျှက် ပြုလုပ်ကြသည့်၊ အဓိပ္ပါယ်မရှိသောပုန်ကန်မှုဖြစ်သည့်၊ သူ့အား အစိုးရခြင်းရာဇပလ္လင်ပေါ်မှ နန်းချဖို့ကြိုးစားနေကြခြင်းကို လှောင်ရယ်(ရီ)နေပါသည် (ဆာလံ ၂း၁–၄)။ သူသည် ရှိသမျှသောမြောက်များလှသည့်ဖန်ဆင်းခံများအားလုံး၏ (သို့) တပြုံတမကြီး၏ အရှင်သခင် ဖြစ်ပါသည်၊ ဘုန်းကျက်သရေ ရှင်ဘုရင်ဖြစ်တော်မူသည် (ဆာလံ ၈၂း၁၊ ၈)။ ဘုရားသခင် အုပ်စိုးတော်မူသည်၊ သူသည် ခန်းနားကြီးကျယ်ခြင်းကို ဝတ်ဆင်တော်မူသည်၊ ဘုရားသခင်သည် ခွန်အားအစွမ်းကို ဝတ်ခြုံတော်မူသည်။ သူ၏ ရာဇပလ္လင်သည် ထာဝရကာလမှနေ၍ဖြစ်သည် (ဆာလံ ၉၃း၁–၂)။ “ထာဝရဘုရားသည် ကြီးမြတ်သောဘုရား၊ ဘုရားတကာတို့ထက် ကြီးမြတ်သောဘုရင် ဖြစ်တော်မူ၏။ မြေကြီးနက်နဲရာအရပ်တို့သည် လက်တော်၌ရှိကြ၏။ တောင်ထိပ်တို့ကိုလည်း ပိုင်တော်မူ၏။ ပင်လယ်ကို လည်း ဖန်ဆင်း၍ပိုင်တော်မူ၏။ ကုန်းကိုလည်း လက်တော်ဖြင့်ပုံပြင်တော်မူ၏။” (ဆာလံ ၉၅း၃–၅)။ သူသည်

အုပ်စိုးတော်မူပါသည်။ မိုးတိမ် များနှင့် မှောင်မိုက်ခြင်းသည် သူ့ဘေးတွင်ရှိကြသည်၊– ဖြောင့်မတ်ခြင်းနှင့်တရားစီရင်ခြင်းသည် သူ၏ ရာဇပလ္လင် တည်သောအရပ် ဖြစ်သည် (ဆာလံ ၉၇း၁–၂)။ သူသည် ကောင်းကင်အထပ်ထပ်၏ အပေါ်အထိကိုလည်း အုပ်ချုပ်တော်မူသည်၊ အောက်အရပ်တွင် ရှိကြသည့် သူ့လက်တို့ဖြင့် လုပ်သောအရာတို့ကိုလည်း အုပ်စိုးတော်မူသည် (ဆာလံ ၁၀၄)။

သူသည် ကောင်းကင်အထပ်ထပ်တွင်ရှိ၍၊ ကြိုက်သည့်အရာ ဘာမဆိုကို လုပ်ပါသည် (ဆာလံ ၁၁၅း၃)။ သူသည် ထာဝရ အုပ်စိုးပါမည် (ဆာလံ ၁၄၆း၁၀)။ သူသည် ပထမ(first) ဖြစ်သလို၊ နောက်ဆုံး(last)လည်း ဖြစ်ပါသည်၊ သူနှင့်တန်းတူသော ဘုရား မရှိပါ။ သူသည် အရှင်သခင်(Lord)ဖြစ်သည်၊ သူမှလွဲ၍ အခြားအရှင်သခင် မရှိပါ (ဟေရှာ ၄၄း၆၊ ၄၅း၅–၆၊ ဗျာ ၁း၈)။ သူသည် အလင်းကို ဖန်ဆင်းသလို၊ မှောင်မိုက်ကိုလည်း ဖန်ဆင်းပါသည်၊– သူသည် ငြိမ်းချမ်းရေးကိုလည်း လုပ်သလို၊ ဆိုးညစ်ခြင်း(evil)ကို လည်း ဖန်ဆင်းပါသည်၊– အရှင်သခင်ဖြစ်သော သူသည် ဤအရာအားလုံးကို လုပ်တော်မူပါသည် (ဟေရှာ ၄၅း၇)။ သူသည် ရှင်ဘု ရင်အားလုံးတို့၏ အရှင်သခင်ဖြစ်ပါသည်၊ သူ၏နိုင်ငံသည် ထာဝရနိုင်ငံ ဖြစ်ပါသည်၊ သူ၏အုပ်စိုးခြင်းသည် မျိုးရိုးစဉ်ဆက် ဖြစ်ပါ သည် (ဒံ ၂း၄၇၊ ၄း၃၊ ၃၄)။ "မြေကြီးသားအပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှ မဟုတ်သကဲ့သို့ ဖြစ်ကြ၏။ ကောင်းကင် ဗိုလ်ခြေတို့၌၎င်း၊ မြေကြီးသားတို့၌၎င်း အလိုတော်ရှိသည်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်တော်ကိုအဘယ်သူမျှ မဆီးတား နိုင်။ အဘယ်သို့ပြုသနည်းဟု ကိုယ်တော် ကို ဆိုနိုင်သောသူမရှိ။" (ဒံ ၄း၃၅)။ "ထာဝရဘုရားမူကား၊ သန့်ရှင်းသောဗိမာန် တော်၌ ရှိတော်မူ၏။ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ ငြိမ်ဝပ်စွာနေကြလော့။" (ဟဗကုတ် ၂း၂၀)။ သူသည် ဂရုဏာထားချင်သူအပေါ် ဂရုဏာထားပါသည်၊ ခိုင်မာစေချင်သူကိုလည်း ခိုင်မာစေပါ သည်။ သူသည် ရွံ့အပေါ် ကြိုက်သလိုလုပ်နိုင်သော အိုးထိန်း/အိုးလုပ်သူ ကဲ့သို့ဖြစ်သည်၊ ရွံ့တပုံထဲမှနေ၍ အချို့ကို ဂုဏ်ကျက် သရေရှိသောအိုးအဖြစ် ပြုလုပ်နိုင်သလို၊ အချို့ကို ဂုဏ်ကျက်သရေမရှိသော အိုးအဖြစ်လည်း လုပ်သူဖြစ်ပါသည် (ရောမ ၉း၁၈၊ ၂၁)။ သူသည် ထာဝရရှင်ဘုရင်ဖြစ်သော၊ ထာဝရရှင်သန်နေသော၊ မျက်မြင်မရဖြစ်သော၊ တပါးတည်းသာပညာရှိတော်မူသော ဘုရားသခင် ဖြစ်သည်၊ ကောင်းချီးနှင့်ပြည့်ဝသူ၊ တဦးတည်းသော အစိုးရတော်မူသူ၊ ဘုရင်များ၏ ဘုရင်၊ သခင်များ၏ သခင် ဖြစ် သည်၊ (၁တိ ၁း၁၇၊ ၆း၁၅)။ ဘုရားသခင်သည် အရှင်သခင်(Lord)ဖြစ်သည်။ သူ၏နိုင်ငံသာလျှင် တကယ့်နိုင်ငံ၊ တကယ့်တန်ခိုးစွမ်း အားဖြစ်သည်၊ ထာဝရ ဘုန်းကျက်သရေ ရှိပါသည် (မဿဲ ၆း၁၃)

(Reformed Dogmatics, Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

×××××××

<u>ကျမ်းစာဘာသာပြန်ကဏ္ဍ</u>

**ဆာလံ ၄း၁–၈ (ဂျိန်းဘုရင်မူ)**

**ကြိုးတပ်တူရိယာတွင် အတော်ဆုံးအနုပညာရှင်၊ ဒါဝိတ်၏ဆာလံ**

၁ – အကျွန်ုပ်ခေါ်သောအခါ ကြားတော်မူပါ၊ အိုး ဘုရားသခင် အကျွန်ုပ်၏ဖြောင့်မတ်ခြင်း၊– ကိုယ်တော်သည် စိတ်ဖိစီးမှုများနှင့် ကြုံရသောအခါ အကျွန်ုပ်ကို ကျယ်ပြန့်စေတော်မူပါသည်၊– အကျွန်ုပ်အား သနားတော်မူပါ၊ အကျွန်ုပ်၏ဆုတောင်းကို ကြားတော်မူပါ။

၂ – အိုး အသင် လူတို့၏သားများတို့၊ သင်တို့သည် မည်မျှကြာအောင် ငါ၏ ဘုန်းအသရေကို အရှက်ရခြင်းသို့ ပြောင်းလဲစေကြမည်နည်း? မည်မျှကြာအောင် သင်တို့သည် အချည်းနှီးမဲ့ခြင်းကို ချစ်နေကြမည်နည်း? လိမ်ညာခြင်းနောက်သို့သာ ရှာဖွေနေကြမည်နည်း?

၃ – သို့သော် ဘုရားသခင်သည် သူ့အတွက် ဘုရားတရားကြောက်ရွံ့ရှိသေသူကို သီးသန့်ခွဲထားတော်မူကြောင်း သိကြပါ၊– ဘုရားသခင်သည် သူ့အား ငါခေါ်သောအခါ ကြားတော်မူလိမ့်မည်။

၄ – အံ့ဩလေးစားခန့်ညားခြင်းနှင့် ရပ်နေကြလော့၊ အပြစ်မလုပ်ကြနှင့်၊– သင်တို့၏အိပ်ရာပေါ်တွင် သင်တို့၏နှလုံးသားနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးကြလော့၊ ထို့နောက် အေးငြိမ်းစွာနေကြလော့။ ဆယ်းလား။

၅ – ဖြောင့်မတ်ခြင်းဆိုသော ပူဇော်သက္ကာများကို ပူဇော်ပါ၊ သင်၏အားကိုးခြင်းကို ဘုရားသခင့်အပေါ် ထားရှိပါ။

၆ – ငါတို့အား မည်သူက ကောင်းမြတ်ခြင်းကို ပြမည်နည်း?ဟု ပြောနေကြသူ အများအပြားရှိပါသည်။

၇ – ကိုယ်တော်သည် အကျွန်ုပ်၏နှလုံးသားတွင် ဝမ်းမြောက်ခြင်းကို ထားရှိတော်မူပါသည်၊ သူတို့၏ ကောက်ပဲသီးနှံများနှင့် စပျစ်ဝိုင်များ တိုးတက်များပြားချိန်တွင်ရှိသော ဝမ်းမြောက်ခြင်းထက် ပိုသောဝမ်းမြောက်ခြင်းဖြစ်ပါသည်။

၈ – ငါသည် ငြိမ်းချမ်းစွာ လဲလျောင်းပါမည်၊ အိပ်စက်ပါမည်၊– အဘယ့်ကြောင့်ဆိုသော် ဘုရားသခင် ကိုယ်တော်သာလျှင် အကျွန်ုပ်ကို လုံခြုံစိတ်ချခြင်းတွင် နေထိုင်ဖို့ရာ ပြုလုပ်ပေးပါသည်။

**ဆာလံ ၅း၁–၁၂ (ဂျိန်းဘုရင်မူ)**

**လေမှုတ်တူရိယာတွင် အတော်ဆုံးပညာရှင် ဒေးဗစ်၏ ဆာလံ**

၁ – အကျွန်ုပ်စကားလုံးများသို့ နားထောင်တော်မူပါ၊ အိုး ဘုရားသခင်၊ အကျွန်ုပ်၏ဆင်ခြင်တွေးတောခြင်းကို ထည့်သွင်းစဉ်းစားတော်မူပါ။
၂ – အကျွန်ုပ် အော်ဟစ်သံကို ကြားတော်မူပါ၊ အကျွန်ုပ်၏ဘုရင်၊ အကျွန်ုပ်၏ဘုရား၊– အဘယ့်ကြောင့်ဆိုသော် ကိုယ်တော့်ထံ အကျွန်ုပ် ဆုတောင်းပါသည်။
၃ – အကျွန်ုပ်၏အသံကို ကိုယ်တော်သည် မနက်ခင်းတွင် ကြားတော်မူပါလိမ့်မည်၊ အိုး အရှင်ဘုရား၊– မနက်ခင်းတွင် အကျွန်ုပ်၏ ဆုတောင်းကို ကိုယ်တော့်ထံသို့ ဦးတည်စေပါမည်၊ ကိုယ်တော့်ထံ မော်ကြည့်ပါမည်။
၄ – အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် ဆိုးညစ်သူများကို သဘောကျတတ်သောဘုရားသခင် မဟုတ်သောကြောင့်ဖြစ်ပါသည်၊– ဆိုးညစ်ခြင်းသည်လည်း ကိုယ်တော်နှင့်အတူ နေမည်မဟုတ်ပါ။
၅ – မိုက်မဲသူသည် ကိုယ်တော့်ရှေ့တွင် ရပ်တည်နိုင်မည်မဟုတ်ပါ၊– ကိုယ်တော်သည် ဒုစရိုက်မှု ပြုသူများအားလုံးကို မုန်းတော်မူပါသည်။
၆ – ကိုယ်တော်သည် လိမ်ညာသောစကားပြောသူများကို ခြေမှုန်းတော်မူပါမည်၊– အရှင်ဘုရားသည် သွေးသံရဲရဲပြုသူနှင့် လိမ်ညာလှည့်စားသူကို ရွံရှာမုန်းတီးတော်မူပါသည်။
၇ – သို့သော် အကျွန်ုပ်အတွက်မူ၊ အကျွန်ုပ်သည် ကိုယ်တော့်အိမ် အထဲသို့ လာပါမည်၊ မြောက်များလှသော ကိုယ်တော့်ဂရုဏာတော်အထဲသို့ ဝင်ရောက်မည်ဖြစ်သည်။
၈ – အိုး အရှင်ဘုရား၊ အကျွန်ုပ်ကို ကိုယ်တော့် ဖြောင့်မတ်ခြင်းထဲသို့ ခေါ်ဆောင်သွားတော်မူပါ၊ အဘယ့်ကြောင့်ဆိုသော် အကျွန်ုပ်၏ ရန်သူများကြောင့်ဖြစ်ပါသည်၊– အကျွန်ုပ်မျက်နှာရှေ့တွင် ကိုယ်တော့်လမ်းကို ဖြောင့်နေစေတော်မူပါ။
၉ – အဘယ့်ကြောင့်ဆိုသော် သူတို့၏နှုတ်များတွင် သစ္စာရှိခြင်း ရှိမနေ၍ဖြစ်ပါသည်၊– သူတို့၏ အတွင်းဖက်သည် အလွန် ဆိုးညစ်ယုတ်ပတ်ကြပါသည်၊– သူတို့၏ လည်ချောင်းသည် ဖွင့်လှစ်ထားသော သင်္ချိုင်းတွင်း ဖြစ်ပါသည်၊– သူတို့သည် သူတို့၏လျှာများဖြင့် မြှောက်ပင့်ကြပါသည်။
၁၀ – အိုး ဘုရားသခင်၊ သူတို့ကို ခြေမှုန်းဖျက်ဆီးပစ်တော်မူပါ၊– သူတို့သည် သူတို့၏အကြံအစည်များအားဖြင့် ကျဆုံးကြပါစေ၊– သူတို့၏ ကျူးလွန်အပြစ်ပြုခြင်းများထဲသို့ သူတို့ကို ပစ်ချလိုက်တော်မူပါ၊– အဘယ့်ကြောင့်ဆိုသော် သူတို့သည် ကိုယ်တော့်ကို ဆန့်ကျင်ပုန်ကန်ကြ၍ဖြစ်ပါသည်။
၁၁ – သို့သော် ကိုယ့်တော်ထံသို့ မိမိတို့၏အားကိုးခြင်းများကို ထားရှိကြသူများ အားလုံးသည် ပျော်ရွှင်ဝမ်းမြောက်ကြပါစေ၊– ဝမ်းသာခြင်းဖြင့် သူတို့သည် ဟစ်အော်ကြပါစေ၊ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် သူတို့ကို ကာကွယ်တော်မူသောကြောင့် ဖြစ်ပါသည်၊– ကိုယ်တော့်နာမည်ကို ချစ်သောသူတို့သည်လည်း ကိုယ်တော့်ထံ၌ ပျော်ရွှင်စွာအသက်ရှင်ကြပါစေ။
၁၂ – အဘယ့်ကြောင့်ဆိုသော် အရှင်ဘုရား၊ ကိုယ်တော်သည် ဖြောင့်မတ်သူကို ကောင်းချီးပေးတော်မူပါမည်၊– မျက်နှာသာပေးတော်မူခြင်းဖြင့် ကိုယ်တော်သည် သူ့ကို ဒိုင်းဖြင့် ဝိုင်းပတ်တော်မူပါမည်။

××××××××××××××××××××××

၁တိ ၆း၁–၂၁ (ဂျိန်းဘုရင်မူ)
၁ – ထမ်းပိုးအောက်၌ ရှိနေကြသမျှသော အစေခံများသည်၊ မိမိတို့၏သခင်များကို အားလုံးသောရိုသေလေးစားခြင်း ခံထိုက်သူများဟု မှတ်ယူကြပါစေ၊ ထိုသို့ဖြင့် ဘုရားသခင်၏နာမည်နှင့် သူ၏ဩဝါဒသည် စော်ကားပြောဆိုခြင်း မခံရဘဲဖြစ်ပါမည်။
၂ – ယုံကြည်သူ သခင်များထံ ရောက်ကြသူများသည်၊ မိမိတို့သခင်များကို အထင်းမသေးကြနှင့်၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ညီအကိုမောင်နှမများဖြစ်ကြပါသည်၊– ထိုမှဆန့်ကျင်စွာ သူတို့ကို အလုပ်အကျွေးပြုကြပါ၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် အစ္စာရှိသူများနှင့် ချစ်ရသူများ ဖြစ်ကြသည်၊ အကျိုးရလဒ်ကို အတူတကွ ပါဝင်ဆက်ဆံရသူများ ဖြစ်ကြသည်။ ဤအရာများကို သင့်ပေးလော့၊ အလေးအနက် တိုက်တွန်းလော့။
၃ – အကယ်၍ တစုံတဦးက ၄င်းတို့မှလွဲ၍သင်ပေးလျှင်၊ သင့်မြတ်လျော်ကန်သောစကားများကို သဘောမတူလျှင်၊ ငါတို့သခင်ယေရှုခရစ်၏စကားများကိုပင် သဘောမတူလျှင်၊ ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းအတိုင်းဖြစ်သည့် ဩဝါဒကို သဘောမတူလျှင်၊–
၄ – ထိုသူသည် မာနကြီးသူဖြစ်သည်၊ ဘာကိုမှမသိသူဖြစ်သည်၊ သို့သော် ပေါက်ကရခြောက်ဆယ် မေးခွန်းများကို မေးသူ၊ စကားများနှင့် အငြင်းပွားချင်သူဖြစ်သည်၊ ထိုသို့သောအရာများမှနေ၍ မနာလိုခြင်း၊ ရန်ဖြစ်ခြင်း၊ ဆဲဆိုခြင်းနှင့် ဆိုးညစ်သော မှန်းဆချက်များ၊
၅ – ပျက်ယွင်းနေသောစိတ်ရှိကြသည့်၊ အမှန်တရားခေါင်းပါးကြသည့် လူသားတို့၏ လွဲမှားသောငြင်းခုံခြင်းများ ထွက်လာတတ်ကြပါသည်၊ ဘုရားတရားကြောက်ရွံ့ရိုသေခြင်းက အမြတ်ရစေနိုင်သည်ဟု ထင်မြင်ယူဆနေကြသူများဖြစ်ကြသည်၊– ထိုသို့သောသူများထံမှ သင့်ကိုယ်သင် ရှုတ်သိမ်းလော့။
၆ – သို့သော် ရောင့်ရဲတင်းတိမ်ခြင်းနှင့်ဖြစ်သော ဘုရားတရားကြောက်ရွံ့ရိုသေခြင်းသည် ကြီးသောအမြတ် ရစေပါသည်။
၇ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ဤကမ္ဘာသို့ ဘာမှ ယူမလာခဲ့ကြပါ၊ ထို့အတူ ငါတို့သည် ဘာကိုမှ ကမ္ဘာအပြင်သို့ ပြန်မယူသွားနိုင်ကြပါ ဆိုသည့်အချက်သည် သေချာနေပါသည်။

၈ – ထို့ကြောင့် စားစရာရှိလျှင်၊ ဝတ်စရာရှိလျှင် ငါတို့သည် ထိုအရာတို့နှင့်ရောင့်ရဲကြပါမည်။
၉ – သို့သော် ချမ်းသာချင်သူများသည် ဖြားယောင်းမှုနှင့်ကျော့ကွင်းတို့ထဲ ကျဆုံးတတ်ကြပါသည်၊ များစွာသောမိုက်မဲမှုများနှင့် ထိခိုက်စေသော တပ်မက်ခြင်းများထဲသို့ ကျဆင်းတတ်ကြပါသည်၊ ၎င်းတို့က လူအများကို ပျက်စီးခြင်းနှင့်ပြစ်ဒဏ်ခံရခြင်းတို့သို့ နိမ့်ကျစေကြပါသည်။
၁၀ – အဘယ့်ကြောင့်ဆိုသော် ငွေကိုချစ်ခြင်းသည် ဆိုးညစ်ခြင်းအားလုံးတို့၏ အရင်းအမြစ်ဖြစ်ပါသည်၊– ၎င်းကို တပ်မက်ကြသူအချို့တို့သည်၊ ယုံကြည်ခြင်းမှ မှားသွားကြပြီဖြစ်သည်၊ ထို့နောက် မိမိတို့ကိုယ်ကို များပြားသောဝမ်းနည်းစရာများဖြင့် ထိုးဖေါက်ခဲ့ကြပြီဖြစ်သည်။
၁၁ – သို့သော်၊ အိုး ဘုရားသခင်၏လူ၊ သင် ထိုအရာများမှနေ၍ ထွက်ပြေးလော့၊– ထို့နောက် ဖြောင့်မတ်ခြင်း၊ ဘုရားတရားကြောက်ရွံ့ရိုသေခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ စိတ်ရှည်ခြင်း၊ နှိမ့်ချခြင်းတို့နောက်သို့ လိုက်လော့။
၁၂ – ယုံကြည်ခြင်း၏ ကောင်းမြတ်သောတိုက်ခိုက်ခြင်းကို တိုက်ခိုက်လော့၊ ထာဝရအသက်ကို ကိုင်စွဲလော့၊ ထိုအတွက် သင့်ကိုခေါ်ထားခြင်းဖြစ်သည်၊ သက်သေအများရှေ့တွင် ကောင်းသောဝန်ခံခြင်းကို သင်ဝန်ခံခဲ့ပြီဖြစ်သည်။
၁၃ – အရာအားလုံးကို အသက်ရှင်စေသူ ဘုရားသခင့်ရှေ့နှင့်၊ ပွန်တီးယပ်စ် ပိုင်းလိတ်ရှေ့၌ ကောင်းသော ဝန်ခံချက်ကိုပြုခဲ့သူ ခရစ်တော်ယေရှုရှေ့တွင်၊ ငါ သင့်ကို  တာဝန်ပေးသည်၊
၁၄ – သင် ဤအမိန့်တော်ကို ငါတို့သခင် ယေရှုခရစ် ပေါ်လာချိန်ထိအောင် အစွန်းအထင်းမရှိ၊ အပြစ်တင်ခွင့်မရှိရအောင် ထိန်းသိမ်းလော့၊–
၁၅ – သူသည် မိမိအချိန်ရောက်သော် ပေါ်လာလိမ့်မည်၊ ကောင်းချီးနှင့်ပြည့်ဝသူ၊ တဦးတည်းသော အစိုးရတော်မူသူ၊ ဘုရင်များ၏ဘုရင်၊ သခင်များ၏သခင် ဖြစ်သည်၊–
၁၆ – သူတပါးတည်းသာ ထာဝရရှင်သန်ခြင်းကိုပိုင်ဆိုင်သူ၊ မည်သည့်လူသားကမျှ မမြင်ဘူးသူ၊ မမြင်နိုင်သူဖြစ်သည်၊– သူ့ထံတွင် ဂုဏ်ကျက်သရေနှင့်ဘုန်းတန်ခိုးသည် ထာဝရရှိနေပါစေသတည်း။ အာမင်။
၁၇ – ဤကမ္ဘာပေါ်၌ ချမ်းသာသူများကို သတိပေးလော့၊ မာနကြီးသူများ မဖြစ်ကြနှင့်၊ မသေချာသော ချမ်းသာခြင်းများ အပေါ်လည်း အားမကိုးစေနှင့်၊ ထိုမှဆန့်ကျင်စွာ အသက်ရှင်သောဘုရားသခင်ကိုသာ အားကိုးကြစေ၊ သူသည် ငါတို့ ကျေနပ်စွာခံစားကြဖို့ အရာခပ်သိမ်းကို ကြွယ်ဝစွာ ပေးတော်မူသူဖြစ်သည်၊–
၁၈ – ထိုသို့ဖြင့် သူတို့သည် ကောင်းမြတ်ခြင်းကို လုပ်ကြစေ၊ ကောင်းသောအလုပ်များ၌ ချမ်းသာကြစေ၊ ဝေငှရန် အဆင်သင့်ရှိသူများ၊ ပေးကမ်းဖို့ လိုချင်ဆန္ဒရှိသူများ ဖြစ်ကြပါစေ၊–
၁၉ – နောက်လာမည့်အချိန်အတွက် ကောင်းသောအခြေခံအုတ်မြစ်ကို သူတို့ဘာသာသူတို့ ချထားကြပါစေ။
၂၀ – အိုး တိမောသေ၊ သင်၏လက်ဝယ် ယုံကြည်အပ်နှံထားသည်ကို စောင့်ရှောက်ထိန်းသိမ်းပါ၊ ဘုရားသခင်အားစော်ကားသော၊ အချည်းနှီးမဲ့ဖြစ်သော စကားများပြောဆိုခြင်းကို ရှောင်ပါ၊ ထို့အတူ သိပ္ပံပညာဟု မှားယွင်းစွာခေါ်ဆိုသော အရာ၏ ဆန့်ကျင်ခြင်းများကိုလည်း ရှောင်ပါ။
၂၁ – ထို့အတွက် အချို့သောဝန်ခံခြင်းပြုပြီးသူများသည် ယုံကြည်ခြင်းနှင့်ပတ်သက်၍ လမ်းလွဲကြပြီဖြစ်သည်၊ ကျေးဇူးတော်သည် သင့်ထံ၌ ရှိနေပါစေသတည်း။ အာမင်။

++++++++++++++++++++++++++++

ဒေသနာကျမ်း ၃း၁–၂၂ (ကျိန်းဘုရင်မှူ)
၁ – အရာအားလုံးအတွက် အချိန်သည်ရှိပါသည်၊ ကောင်းကင်အောက်၌ ရှိသမျှသောရည်ရွယ်ချက်များအတွက် အချိန်သည် ရှိပါသည်၊–
၂ – မွေးရသောအချိန်၊ သေရသောအချိန် ရှိသည်၊– စိုက်ရသောအချိန်၊ စိုက်ထားသောအပင်မှ ခူးရသောအချိန် ရှိပါသည်၊–
၃ – သတ်ရသောအချိန်၊ အနာပျောက်ကင်းစေရသောအချိန် ရှိသည်၊– ချိုးဖျက်ရသောအချိန်၊ တည်ဆောက်ရသောအချိန် ရှိပါသည်၊–
၄ – ငိုရသောအချိန်၊ ရယ်ရသောအချိန် ရှိသည်၊– ပူဆွေးဝမ်းနည်းရသောအချိန်နှင့် ကခုန်ရသောအချိန် ရှိပါသည်၊–
၅ – ကျောက်တုံးများကို အဝေးသို့ လွှင့်ပစ်ရသောအချိန်၊ ကျောက်တုံးများကို စုစည်းရသောအချိန် ရှိသည်၊– ပွေ့ဖက်ရသောအချိန်၊ ပွေ့ဖက်ခြင်းကို အောင့်အည်းထားရသောအချိန်လည်း ရှိပါသည်၊–
၆ – ရသောအချိန်၊ ဆုံးရှုံးရချိန် ရှိသည်၊– ထိန်းသိမ်းရသောအချိန်၊ အဝေးသို့ လွှင့်ပစ်ရသောအချိန် ရှိပါသည်၊–
၇ – ဆုတ်ဖြဲရသောအချိန်၊ ချုပ်လုပ်ရသောအချိန် ရှိသည်၊– တိတ်တိတ်နေရသောအချိန်၊ ပြောဆိုရသောအချိန် ရှိပါသည်၊–
၈ – ချစ်ရသောအချိန်၊ မုန်းရသောအချိန် ရှိသည်၊– စစ်တိုက်ရသောအချိန်၊ ငြိမ်းချမ်းရေးရှိသောအချိန် ရှိပါသည်။
၉ – မိမိ၏အလုပ်ကို လုပ်နေရသူအတွက် မည်သည့်အကျိုးအမြတ် ရှိပါသနည်း?
၁၀ – ငါသည် ပင်ပန်းဆင်းရဲရခြင်းကို တွေ့ခဲ့ပြီ၊ လူ၏သားတို့က ထိုအထဲတွင် ရတက်မအေးဖြစ်ဖို့ ဘုရားသခင်က ပေးထားခြင်းဖြစ်ပါသည်။

၁၁ – သူသည် အရာခပ်သိမ်းကို သူ၏အချိန်တွင် လှပဖို့ ပြုလုပ်တော်မူပါသည်၊– ထို့အတူ သူသည် ထာဝရဖြစ်ခြင်းကို လူတို့၏နှလုံးသားထဲတွင် ထားရှိတော်မူပါသည်၊ ထိုအရာမရှိလျှင် မည်သူကမျှ ဘုရားသခင်၏ အစပျိုးမှ အဆုံးအထိ လုပ်ထားသည်များကို ရှာမတွေ့နိုင်ပါ။

၁၂ – လူတဦးအတွက် ပျော်ရွှင်ဝမ်းမြောက်လျှက် သူ၏ဘဝတလျှောက်လုံး ကောင်းမြတ်ခြင်းကို လုပ်ကိုင်နေခြင်းထက် ပို၍ကောင်းသောအရာ မရှိသည်ကို ငါသိပါသည်။

၁၃ – ထို့အတူ လူတိုင်းသည် စားလျှက် သောက်လျှက် မိမိလုပ်ကိုင်ခြင်းများ၏ကောင်းမြတ်ခြင်းကို ခံစားသင့်ပါသည်၊ ၄င်းသည် ဘုရားသခင်၏လက်ဆောင်ဖြစ်ပါသည်။

၁၄ – ဘုရားသခင် လုပ်သမျှသည်၊ အမြဲတမ်းထာဝရဖို့ ဖြစ်သည်ကို ငါသိပါသည်၊– ၄င်းအထဲသို့ ဘာကိုမှ သက်ရောက်စေ၍ မရပါ၊ ထို့အတူ ဘာကိုမှ ထုတ်ယူ၍လည်း မရပါ၊ ထိုသို့ဖြင် လူတို့သည် သူ၏ရှေ့တော်မှောက်တွင် ကြောက်ရွံ့ကြမည်ဖြစ်သည်။

၁၅ – ယခုအချိန်၌ ဖြစ်နေသောအရာသည် ဖြစ်ခဲ့ဖူးပြီးဖြစ်သည်၊– နောက်ဖြစ်မည့်အရာသည်လည်း ဖြစ်ဖူးပြီးသောအရာဖြစ်သည်၊ ဘုရားသခင်သည် အတိတ်ကလုပ်ခဲ့သည်ကို တောင်းဆိုပါသည်။

၁၆ – ထို့အပြင် နေ၏အောက်တွင် ငါတွေ့ခဲ့သောအရာရှိပါသည်၊ ၄င်းမှာ တရားစီရင်ခြင်း၏နေရာတွင် ဆိုးညစ်ခြင်းရှိနေမှု၊ ထို့အတူ ဖြောင့်မတ်ခြင်း၏နေရာတွင် ဒုစရိုက်မှု ရှိနေခြင်းကို ဖြစ်သည်။

၁၇ – ငါသည် ငါ့နှလုံးသားသို့ ပြောပါသည်၊ ဘုရားသခင်က ဖြောင့်မတ်သူနှင့်ဆိုးညစ်သူကို တရားစီရင်လိမ့်မည်၊– အဘယ့်ကြောင့်ဆိုသော် ရည်ရွယ်ချက်တိုင်းနှင့်အလုပ်တိုင်းအတွက် အချိန်သည် ရှိနေပါသည်။

၁၈ – လူသားတို့၏သားများ၏ အခြေအနေနှင့်ပတ်သက်၍ ငါသည် ငါ့နှလုံးသားကို ပြောပါသည်၊ ဘုရားသခင်သည် သူတို့ကို ဖေါ်ထုတ်လိမ့်မည်၊ ထိုသို့ဖြင့် သူတို့သည် သူတို့ကိုယ်သူတို့ သားရဲတိရိစ္ဆာန်များဖြစ်ကြောင်း တွေ့လာကြမည်ဖြစ်သည်။

၁၉ – အဘယ့်ကြောင့်ဆိုသော် သားရဲတိရိစ္ဆာန်တို့အပေါ် ကျရောက်သောအရာသည် လူတို့၏သားများအပေါ်သို့လည်း ကျရောက်ပါသည်၊– တဦးသည် သေသကဲ့သို့ နောက်တဦးလည်း သေပါသည်၊– မှန်ပါသည်၊ သူတို့အားလုံးတွင် ထွက်သက် တမျိုးသာ ရှိကြပါသည်၊– ထို့ကြောင့် လူသည် သားရဲတကောင်ထက် ဘာမှပို၍မကြီးမြတ်ပါခြေ၊– အဘယ့်ကြောင့်ဆိုသော် အားလုံးသည် အချည်းနှီးမဲ့ခြင်းသာ ဖြစ်ပါသည်။

၂၀ – အားလုံးသည် တနေရာတည်းသို့ သွားကြပါသည်၊– အားလုံးသည် မြေမှုန့်မှ လာကြပါသည်၊ ထို့အတူ အားလုံးသည် မြေမှုန့်သို့ ပြန်သွားကြပါသည်။

၂၁ – အထက်သို့ တက်သွားသော လူ၏ဝိညာဉ်ကို မည်သူ သိပါသနည်း? သားရဲတိရိစ္ဆာန်၏ဝိညာဉ်သည် အောက်အရပ်မြေကြီးသို့ သွားသည်ကို မည်သူ သိပါသနည်း?

၂၂ – ထို့ကြောင့် ငါသိမြင်သဘောပေါက်သည်မှာ၊ လူတဦးသည် သူ၏အလုပ်ကို ဝမ်းမြောက်စွာ ခံစားခြင်းထက် ဘာကမှ ပိုမကောင်းပါဟု ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် သူ့ဝေစုဖြစ်ပါသည်၊– သူ့နောက်တွင် ဘာဖြစ်မည်ကို မြင်ဖို့ရန် သူ့ကို မည်သူက ခေါ်လာပါမည်နည်း?

×××××××××××

## တတိယပိုင်း – ကျေးဇူးတင်ရှိခြင်းအကြောင်း

## သခင်ဘုရား၏နေ့ (၃၂)

၈၆။ ကျွန်ုပ်တို့၏ ထိုက်တန်မှုများအတွက် မဟုတ်၊ ကျေးဇူးတော်သက်သက်ကြောင့် သခင်ခရစ်တော်အားဖြင့် မိမိတို့၏ ဆင်းရဲဒုက္ခများမှ ကယ်တင်ခြင်းခံရသည်ဖြစ်လျှင် ကျွန်ုပ်တို့သည် အဘယ်ကြောင့် ကောင်းသောအကျင့်များကို ကျင့်ရပါသေးသနည်း?

အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်က ကျွန်ုပ်တို့ကို သူ၏အသွေးတော်ဖြင့် ကယ်တင်ပြီးသည့်အခါ သူ၏သန့်ရှင်းသော ဝိညာဉ်တော်ဖြင့်လည်း သူ၏ပုံသဏ္ဍာန်တော်အတိုင်း အသစ်ပြုပြင်တော်မူခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်အား သူ၏ကောင်းချီးမင်္ဂလာများအတွက် ကျေးဇူးတင်ကြောင်းကို မိမိတို့၏ အပြုအမူစရိုက်များအားလုံးနှင့် သက်သေခံရမည်ဖြစ်သည်။ ထိုသို့ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းကို ခံတော်မူပါမည်။ ထို့အပြင် အယောက်စီတိုင်းသည် မိမိတို့၏ယုံကြည်ခြင်း စစ်မှန်ကြောင်းကို ယုံကြည်ခြင်း၏ အသီးအပွင့်များအားဖြင့် သိနိုင်ပါမည်။ ထို့အပြင် ကျွန်ုပ်တို့၏ ဘုရားတရား ကိုင်းရှိုင်းသော အမူအကျင့်များအားဖြင့် အခြားသူများကိုလည်း သခင်ခရစ်တော်ထံသို့ ပို့ဆောင်နိုင်ပါမည်။

(၁ကော ၆း၁၉–၂၀၊ ရော ၆း၁၂၊ ၁၂း၁–၂၊ ၁ပေ ၂း၅၊ ၉–၁၀၊ မဿဲ ၅း၁၆၊ ၁ပေ ၂း၁၂၊ ၂ပေ ၁း၁၀၊ ဂလာ ၅း၆၊ ၂၄၊ ၁ပေ ၃း၁–၂၊ မဿဲ ၅း၁၆၊ ရော ၁၄း၁၉)

၈၇။ ထိုသို့ဆိုလျှင် ဘုရားသခင်၌ပြောင်းလဲခြင်းမရှိဘဲ၊ မိမိတို့၏ဆိုးညစ်ခြင်းများ၊ ကျေးဇူးမသိတတ်သော အသက်တာများတွင် ဆက်လက် အသက်ရှင်သူများသည် ကယ်တင်ခြင်းကို မရသူများ ဖြစ်ပါသလား?

လုံးဝမရပါ။ သန့်ရှင်းသောသမ္မာကျမ်းစာက မစင်ကြယ်သူများ၊ ရုပ်တုကိုးကွယ်သူများ၊ သူ့မယားပြစ်မှားသူများ၊ သူခိုးများ၊ လောဘကြီးသူများ၊ အရက်သမားများ၊ သူများမကောင်းကြောင်းပြောသူများ၊ လုယက်ဓါးပြတိုက်သူများ၊ ထိုသို့သော အပြစ်များကို ကျူးလွန်သူများသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရပါဟု ပြောထားပါသည်။

(၁ကော ၆း၉–၁၀၊ ဖေက် ၅း၅–၆၊ ၁ယော ၃း၁၄–၁၅၊ ဂလာတိ ၅း၂၁)